“ရွာထဲလူသစ်ဝင်နေပြီကွ”

တစ်ခါက ရွာတစ်ရွာမှာ အင်မတန်ဂေါ်စွန်ပြီး မြာပွေတဲ့ သားအဖနှစ်ယောက်ရှိသတဲ့။ ဘယ်လောက်ထိအောင်များ စွံသလဲဆိုယင် တစ်ရွာလုံးမှာရှိသမျှမိန်းမတွေထဲမယ် သူတို့သားအဖနှစ်ဦးနဲ့လွတ်တာဆိုလို့ ခပ်ရှားရှားဘဲတဲ့။ သူတို့သားအဖနှစ်ဦးကလဲ ဒီလိုမျိုးစွံတာကို အပြိုင်အဆိုင်လုပ်ပြီး တစ်ယောက်နဲ့တစ်ယောက် ကြွားနေကြတာပေါ့ဗျာ။ တစ်နေ့မှာ အဖေလုပ်သူက သားဖြစ်သူကို ဒီလိုကြွားသတဲ့။ “ဟေ့ကောင်၊ မင်း မိန်းမပွေတာလဲ ပွေတာပေါ့ကွာ။ ဒါပေမယ့်ကြည့်လဲလုပ်ဦးကွ။ မင်းနဲ့အခုကြိုက်နေတဲ့မိန်းမတွေမှန်သမျှ ငါနဲ့ မလွတ်တာချည်းဘဲကွ ” ဆိုပြီး သားဖြစ်သူ ကို ရိလိုက်တယ်။ သားဖြစ်သူကလဲ စိတ်ထဲမယ်အတော်လေးမခံချင်ဖြစ်သွားပြီး “အဖေရာ၊ ကြွားတာလဲ ကြည့်ကြွား စမ်းပါ။ မဖြစ်နိုင်တာ မပြောစမ်းပါနဲ့၊ ပြိုင်ကြစတမ်းဆိုယင် အဖေတောင်နောက်ကောက်ကျသွားမှာ” ဆိုပြီး အောင့်သက်သက်နဲ့ ပြန်ပြောသတဲ့။အဖေက “အောင်မာ၊ မင်းမယုံဘူးလား၊ မယုံယင်ကြိုက်တဲ့ဘက်ကစမ်းကွာ၊ ကဲဘယ့်နှယ်လဲ” ဆိုပြီးပြောတော့။သားလုပ်သူက “ကဲ၊ ဒီလောက်တောင်ဖြစ်လှတဲ့အဖေ၊ လောင်းကြေးစားကြေး လုပ်ကြတာပေါ့ဗျာ။ ကျနော်ညတိုင်း မိန်းမတစ်ယောက်ဆီနဲ့အိပ်မယ်ဗျာ။ မနက်ပြန်လာယင် အဲသည်မိန်းမရဲ့ အဖုတ်ကို နှိုက်ခဲ့မယ်။ အိမ်ရောက်တော့ အဖုတ်နှိုက်လာတဲ့လက်ကို အဖေကနမ်း၊ ပြီးတော့ ဘယ်သူ့အနံ့လဲဆိုတာ အဖေပြန်ပြောနိုင်ယင် အဖေ ကျနော့်ထက်စွံတာ ကျနော် လက်ခံမယ်ဗျာ။ မဟုတ်လို့ကတော့ အဖေရှုံးပြီသာမှတ် ”ဆိုတော့ အဖေက “ အိမ်း၊ ကောင်းသကွာ။ သေချာပေါက်ပြောနိုင်တာပေါ့” ဆိုပြီး အလောင်းအစားကို သဘောတူလိုက်သတဲ့။

အလောင်းအစားစတဲ့နောက်တစ်နေ့မှာ သားလုပ်သူက မိန်းမတစ်ယောက်နဲ့ညအိပ်ပြီး ပြန်လာတော့ အဖုတ်ကိုနှိုက်လာပြီး အဖေ့ကို နမ်းခိုင်းပြီး ဘယ်သူ့အနံ့လဲလို့မေးတယ်။ အဖေဖြစ်သူက နှာခေါင်းလေးပွရှုံ့ပွရှုံ့လုပ်ပြီး သေသေချာချာရှူ၊ အနည်းငယ်စဉ်းစားပြီးသကာလ “ အောင်မာ၊ ဘယ်သူ့အနံ့များမှတ်တယ်၊ ဒါရွာတောင်ပိုင်းက ပိုးဒါလီဝွက်ထော်ရဲ့ အနံ့ကွ” လို့လဲ ပြောလိုက်ရော သားလုပ်သူက အံ့အားလေးသင့်ပြီး မှန်တယ်ဗျာလို့ပြောသတဲ့။ ဒါပေမယ့် တစ်ယောက်ထဲနဲ့တော့ ဘယ်လက်ခံနိုင်ဦးမလဲ။ နောက်တစ်ယောက်စမ်းဦးမယ်ဆိုပြီး ရှေးနည်းတူ လုပ်လာပြီး မေးပြန်သတဲ့။ ကဲ ဒါရောဗျာ....အဖေမှန်အောင်သာဖြေ..လို့ပြောပြီး သားဖြစ်သူက လက်ကလေးကို ထိုးပေးသတဲ့။ အဖေကလဲ ရှေးနည်းတူဘဲ လက်ကလေးကိုနမ်းပြီး “ အောင်မာ၊ ခက်လွန်လွန်းလို့၊ ဒါထက်ထက်ဦးပြုံးရဲ့အနံ့မဟုတ်လား” လို့ မေးပြောလေးပြောသတဲ့။ ဒီတစ်ခါလဲ မှန်နေပြန်တော့ နောက်ထက်တစ်ယောက်နဲ့စမ်းပြန်သတဲ့။ “ကဲ..အဖေ..ဒါရော...” ဆိုတော့ အဖေက “အောင်မာဟေ့ကောင်၊ မင်းကစိုးမြတ်ပလာတာနဲ့ ညအိပ်ခဲ့ပြန်ပြီကိုးကွ ”ဆိုပြီးပြောလိုက်တော့ သားလုပ်သူက အတော်လေးမခံချင်ဖြစ်သွားသတဲ့။ ပြောသမျှအဖြေကလဲ မှန်နေတာကိုး။ ဒီလိုနဲ့ နောက်တစ်နေ့ကျတော့ ကြံရာမရဖြစ်ပြီး ရွာလယ်လမ်းမအတိုင်း ခေါင်းငိုက်စိုက်နဲ့ လမ်းလျှောက်လာရာမှာ ရွာလယ်လမ်းမပေါ် အိပ်ပျော်နေတဲ့ ခွေးမကိုသွားတွေ့သတဲ့။ သားဖြစ်သူဟာ စိတ်ထဲမှာလဲ ခပ်ချဉ်ချဉ်လေးဖြစ်လာတာနဲ့ အိပ်ပျော်နေတဲ့ခွေးမရဲ့အဖုတ်ကိုနှိုက်ပြီး အိမ်ရောက်တော့

"ကဲအဖေရေ၊ ဒီတစ်ခါတော့ မှန်အောင်မဖြေနိုင်တော့ပါဘူးဗျာ၊ နမ်းသာကြည့်ပေရော့ ပြီးယင် ဘယ်သူ့အနံ့လဲသာပြောပေရော့ " ဆိုပြီး အဖေ့ကိုပြောသတဲ့။ အဖေလုပ်သူက ဒီတစ်ခါ သားရဲ့လက်ကို အကြိမ်ကြိမ်အခါခါနမ်းကြည့်လိုက်၊ စဉ်းစားလိုက်၊ ခေါင်းကုတ်လိုက်၊ နောက်တစ်ခါ ပြန်နမ်းကြည့်လိုက်၊ စဉ်းစားလိုက်၊ ခေါင်းကုတ်လိုက်နဲ့ အလုပ်များနေတာပေါ့ကွယ်။ နောက်ဆုံးတော့ ဘယ်လိုမှ အဖြေရှာမရတဲ့အဆုံး သားဖြစ်သူကို ပြောလိုက်တာကတော့ "သားရေ၊အဖေ့ကို ဦးထုပ်နဲ့ ဒုတ်ကောက်ပေးစမ်းပါကွာ" လို့ ပြောလိုက်သတဲ့။ သားလုပ်သူက "ဘာဖြစ်လို့တုန်းအဖေရ"လို့ဆိုတော့...............

" ဟကောင်ရ၊ ဘာဖြစ်ရမလဲဟ၊ ရွာထဲလူသစ်ဝင်နေပြီလေကွာ....အဖေသွားမြည်းကြည့်မှ၊ နို့မို့ဆိုငါ့သားက ခြေတစ်လှမ်းသာနေတယ်" ဆိုပြီး ကော့ပတ်ကော့ပတ်နဲ့ ထွက်သွားလေသတဲ့ကွယ်။

⌘⌘⌘⌘⌘⌘⌘⌘⌘⌘⌘⌘⌘